မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 19 , 2022 Volume 61, Number 13

၁၉.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၃၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၄.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၀၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပခုက္ကူသီးနှံဈေးကွက်အတွင်း နှမ်းနက်အသစ်များ ထပ်မံဝင်ရောက်လာပြီး ဈေးထပ်မံမြင့်တက်ရာ နှမ်းနက်ထိပ်စ တစ်တင်း ၈၅၀၀၀ ကျပ် ပေါက်ဈေးရှိ

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုဒီဇင်ဘာလ တတိယပတ်တွင် နှမ်းနက်စမုံနှင့် နှမ်းနက်(ဌ)များ ထပ်မံဝင်ရောက်နေပြီး ဈေးနှုန်းထပ်မံမြင့်တက်လာရာ နှမ်းနက်စမုံ (ရှယ်) တစ်တင်း ၈၅၀၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

ပခုက္ကူသီးနှံဈေးကွက်သို့ နှမ်းနက်များ နိုဝင်ဘာလကုန်ပိုင်းမှ စတင်ဝင်ရောက်ခဲ့ရာ ပေါ်စတွင်တစ်တင်း ၇၅၀၀၀ ကျပ်ပေါက်ဈေးရှိခဲ့ပြီး၊ ဒီဇင်ဘာလ ဒုတိယပတ်တွင် ၈၂၀၀၀ ကျပ် ပေါက်ဈေးရှိရာမှ ဈေးနှုန်းထပ်မံမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့ ပခုက္ကူသီးနှံဈေးကွက်တွင် နှမ်းနက်စမုံ(ရှယ်) တစ်တင်း ၈၄၀၀၀ – ၈၅၀၀၀ ကျပ် ၊ နှမ်းနက်စမုံ(ရိုးရိုး) တစ်တင်း ၆၀၀၀၀ မှ ၈၃၀၀၀ ကျပ်နှင့် နှမ်းနက်(ဌ) တစ်တင်း ၆၂၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ “ပေါ်စဈေးထက် မြင့်လာတယ်။ ပေါ်စတုန်းက ဈေးကွက်လေ့လာနေတော့ ထိန်းဝယ်ကြတယ်။ ခုရက်ပိုင်း ကုန်ဝင်လည်းများတယ် အဝယ်လည်းသွက်တယ်။ ဈေးလည်း ရက်ခြားအလိုက် ၅၀၀ တက် ၁၀၀၀ တက် တက်လာတယ်။ ဝယ်လက်အနေနဲ့ကတော့ ရန်ကုန်နဲ့မန္တလေးအဓိကပါပဲ။ စမုံနက်က အရည်အသွေးလည်း ကောင်းသလို စိုက်စရိတ်လည်းများတော့ ဈေးပိုရတယ်” ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

လက်ရှိတွင် တောင်သူအချို့ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် အထွက်နှုန်းပုံမှန်သာရှိပြီး ကျေးရွာအချို့တွင် နယ်မြေမတည်ငြိမ်မှုကြောင့် တောင်သူများ နှမ်းရိတ်သိမ်းရန် အခက်အခဲကြုံတွေ့နေကြောင်း သိရသည်။

ပခုက္ကူသီးနှံဈေးကွက်သို့ ဒီဇင်ဘာလ တတိယပတ်တွင် အခြားနှမ်းနီ၊ နှမ်းဖြူ၊ နှမ်းညိုများနှင့် ပဲစင်းငုံအသစ်များ ဝင်ရောက်နေပြီး ဈေးနှုန်းအမြင့်ပိုင်းတွင်ရှိကြောင်း သိရသည်။

ပခုက္ကူသီးနှံဈေးကွက်အတွင်း ဒီဇင်ဘာလတတိယပတ်တွင် နှမ်းညိုတစ်တင်း ၆၈၀၀၀ ကျပ် ၊ နှမ်းနီတစ်တင်း ၇၂၀၀၀ ကျပ် ၊ နှမ်းဖြူတစ်တင်း ၈၁၅၀၀ ကျပ်နှင့် ပဲစင်းငုံတစ်တင်း ၅၄၅၀၀ ကျပ်ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူဒေသတစ်ဝိုက် ကုန်းယာမြေများနှင့် မြစ်ရေဝင်ဒေသများတွင် နယ်မြေမတည်ငြိမ်မှုကြောင့် လက်ရှိကာလထိ လုပ်ငန်းခွင်အခက်အခဲများ ကြုံတွေ့နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/241876

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဒေါ်လာဈေး အပြောင်းအလဲပေါ်မူတည်ပြီး ပို့ကုန်ပဲများဈေးကောင်းရရှိလာနိုင်

၂၀၂၃ ခုနှစ် ပဲရာသီအသစ်တွင် ဒေါ်လာဈေးအပြောင်းအလဲပေါ်မူတည်ပြီး ပြည်တွင်းမှပို့ကုန်ပဲ ဈေးကောင်းလာနိုင်ကြောင်းနှင့် ပြည်တွင်းပဲရာသီအသစ်မှာ ထွက်ရှိလာသည့်ပဲများ အရည်အသွေးကောင်းရန်လိုအပ်ကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိပဲသစ်ရာသီအတွက် မိုးရေကောင်းတစ်ချက် လိုအပ်နေသေးကြောင်း၊ ထွက်ရှိလာသည့် ပဲအရည်အသွေးကျဆင်းမှုမရှိအောင် တောင်သူများဂရုပြုသင့်ကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။

ဒီဇင်ဘာလကုန်ပိုင်းတွင် ပို့ကုန်ပဲအသစ်များဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံဈေးကွက်မှာ မန္တလေးဈေးကွက်အတွင်း အဝင်မများသေးသော်လည်း နယ်ဈေးကွက်မှာ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးဈေးကွက်အတွင်း ရောက်ရှိလာပါက ဈေးပိုမိုမြင့်တက်လာစရာရှိကြောင်း၊ အရောင်းအဝယ်ကောင်းနေသည့် နှမ်းမျိုးစုံဈေးကွက်မှာ တစ်အိတ်ငွေကျပ် ၁၀၀၀၀– ၁၅၀၀၀ ခန့် ဈေးကျသွားကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ မျိုးစေ့ အဝယ်ရှိနေချိန်ဖြစ်တာကြောင့် အမြင့်ဈေးတန်းအတိုင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

“မတ်ပဲဈေးက တစ်အိတ် ငွေကျပ် ၁၇၈၀၀၀–၁၇၉၀၀၀ ပေါက်ဈေးဖြစ်လာတယ်။ မတ်ပဲနဲ့အတူ ပဲစင်းငုံဈေးကလည်း ကောင်းနေပါတယ်။ ပဲစင်းငုံအသစ်တွေက နယ်ဈေးတွေမှာ ဈေးကောင်းနေပါတယ်။ တစ်တင်း ငွေကျပ် ၅၈၀၀၀ လောက် ပေါက်ဈေးရှိနေပြီ။ ဒီဈေးက မန္တလေးဈေးကွက်ထဲရောက်လာရင် ပိုလာနိုင်ပါတယ်။ နှမ်းမျိုးစုံနဲ့ပဲတီစိမ်းကတော့ ဈေးပြန်အေးနေပါတယ်။ နှမ်းနက်ဆိုရင် သုံးတင်းတစ်အိတ် ငွေကျပ် ၂၈၀၀၀၀ လောက် ပေါက်ဈေးကနေ ငွေကျပ် ၁၀၀၀၀–၁၅၀၀၀ကျော် ဈေးပြန်ကျသွားတယ်။ ကုလားပဲဈေးကွက်က အမြင့်ဈေး ဆက်တက်သွားတယ်။ ဒီအချိန်က မျိုးစေ့အဝယ်လည်းရှိနေတော့ ဒီဈေးတန်းအတိုင်း ဆက်သွားလိမ့်မယ်။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ အဟောင်းတွေက ဈေးခပ်အေးအေးပဲရှိနေပါတယ်။ ၂၀၂၂ ခုနှစ် ပဲရာသီမှာတော့ ပဲအဟောင်းလက်ကျန်သမားတွေ အကုန်ရောင်းကြပါပြီ။ ပဲအသစ်ရာသီမှာ ပဲအထွက်နည်းနိုင်တာတော့ လာမည့်ပဲရာသီမှာ အဝယ်ကောင်းမယ့်အခြေအနေပါ။ ပေါက်ဈေးကတော့ ဒေါ်လာဈေးအတက်မရှိရင် လက်ရှိပေါက်ဈေး ဝန်းကျင်အတိုင်းရှိနေမယ်။ ဒေါ်လာဈေးမြင့်လာရင်တော့ ပြည်တွင်းပဲ အဝယ်ဈေးမြင့်လာနိုင်တယ်”ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

မန္တလေးပဲဈေးကွက်တွင် အသစ်ဝင်ပို့ကုန်မတ်ပဲများ ဈေးကောင်းလာပြီး ပဲစင်းငုံဈေးကွက်မှာ နယ်ဈေး အရောင်းအဝယ်ကောင်းနေရာ ဒီဇင်ဘာ ၁၄ ရက်နေ့တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၇၈၀၀၀၊ ပဲစင်းငုံနယ်ဈေးတစ်တင်း ငွေကျပ် ၅၈၀၀၀၊ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ပေါက်ဈေးရှိသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် ကုလားပဲ ဗွီ–၂ (V2)တစ်အိတ်လျှင် ငွေကျပ် ၁၉၄၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေး ဖြစ်သည်။

**Source: မကွေးဂျာနယ်**

## မတ်ပဲတစ်တန် ကျပ် ၁ သိန်းဝန်းကျင်အထိ ပြန်မြင့်တက်လာ




အိန္ဒိယဘက်က ဈေးပိုပေးပြီး ဝယ်လာတာနဲ့ ပြည်တွင်းမှာ လက်ကျန်နည်းလာတဲ့ အခြေအနေတွေကြောင့် အခုတစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းတွေ ပြန်မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းက FAQ တစ်တန်ကို ကျပ် ၁၆ သိန်း ၉ သောင်းဝန်းကျင်အထိ ကျဆင်းခဲ့တဲ့ မတ်ပဲဈေးဟာ လက်ရှိမှာတော့ ကျပ် ၁၇ သိန်း ၈ သောင်းကျော်အထိ ပြန်တက်လာတာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်ကဆိုရင် မတ်ပဲ FAQ တစ်တန်ကို ကျပ် ၁၈ သိန်း ၃ သောင်းကျော်အထိ တက်ခဲ့ပါတယ်။

အိန္ဒိယဘက်မှာ လိုအပ်ချက်ရှိတာကြောင့် ဈေးပိုပေးဝယ်လာတာဖြစ်ပြီး FOB ဈေးဟာ လက်ရှိမှာ မတ်ပဲ FAQ တစ်တန်ကို ဒေါ်လာ ၇၆၀ ကနေ ၇၈၀ ရှိပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းထက် ၃၅ ဒေါ်လာဝန်းကျင် တက်လာတာလို့ သိရပါတယ်။ မတ်ပဲအသစ်ပေါ်ဖို့ တစ်လကျော်လောက် လိုနေသေးတာနဲ့ အခုတစ်ပတ်အတွင်း ငွေလဲနှုန်း အနည်းငယ်မြင့်လာတဲ့ အခြေအနေကြောင့်လည်း ဈေးတက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနဲ့နှမ်းကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ မတ်ပဲ SQ တစ်တန်ဈေးနှုန်းကတော့ လက်ရှိမှာ ကျပ် ၁၉ သိန်း ၈ သောင်းကျော် ရှိနေပါတယ်။

**ဤဆောင်းပါးကို Bloomberg_Myanmar မှကူးယူဖော်ပြပါသည်။**

https://t.me/htwettoe

## တရုတ်နိုင်ငံကိုကျော်ပြီး ထိုင်းနိုင်ငံက မြန်မာနှင့်ပမာဏအများဆုံး ကုန်သွယ်မှုပြုလုပ်ထား

မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုကျော်တက်ပြီး ထိုင်းကပမာဏအများဆုံး နယ်စပ်ကုန်သွယ်မှုများပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလကုန်အထိ ခုနစ်လအတွင်း တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ပမာဏသာရှိခဲ့ပြီး ထိုင်းနှင့်ကုန်သွယ်မှုတွင်မူ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်အထိ ထက်ဝက်ခန့် ပိုမိုကုန်သွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုတွင် မြဝတီနှင့်နဘုလယ်/ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ကုန်သွယ်မှု ကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံကျော်အထိရှိပြီး ပြောင်း၊ ရေထွက်ကုန်၊ ရော်ဘာ၊ ကြက်သွန်နီ၊ ငှက်ပျောစသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ထိုင်းနိုင်ငံမှလည်း ဒီဇယ်၊ ချည်ထည်၊ ပလတ်စတစ်ကုန်ကြမ်း၊ ဆေးဝါးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်များ ပြန်လည်တင်သွင်းလျက်ရှိပြီး၊ ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဖြင့်နှိုင်းယှဉ်ပါက ကန်ဒေါ်လာသန်း ၄၀၀ ကျော် ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လနီးပါးအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၂၈ သန်းကျော် တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် တစ်သိန်းလေးသောင်းကျော် ပိုမိုတင်ပို့ထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လနီးပါးအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၂၈ သန်းကျော် တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်တစ်သိန်းလေးသောင်းကျော် ပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ နိုဝင်ဘာ ၂၅ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၇၇၉၇၆၂ ဒသမ ၄၆၅ တန်၊ တန်ဖိုးဒေါ်လာ ၂၉၁ ဒသမ ၇၉၈ သန်း၊ ဆန်ကွဲတန်ချိန် ၅၀၄၉၃၄ ဒသမ ၁၁၀ တန်၊ တန်ဖိုးဒေါ်လာ ၁၆၇ ဒသမ ၉၄၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၁၂၈၄၆၉၆ ဒသမ ၅၇၅ တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၅၉ ဒသမ ၇၄၃ သန်း ရရှိထားသည်။

ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၆၅၃၀၆၂ ဒသမ ၉၅၃ တန်၊ တန်ဖိုးဒေါ်လာ ၂၄၄ ဒသမ ၁၉၅ သန်း၊ ဆန်ကွဲတန်ချိန် ၄၈၉၇၂၈ ဒသမ ၄၈၀ တန်၊ တန်ဖိုး ဒေါ်လာ ၁၅၃ ဒသမ ၈၂၁ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၁၁၄၂၇၉၁ ဒသမ ၄၃၃ တန်တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၃၉၈ ဒသမ ၀၁၆ သန်းရရှိခြင်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၂၆၆၉၉ ဒသမ ၅၁၂ တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၇ ဒသမ ၆၀၃ သန်း၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၁၅၂၀၅ ဒသမ ၆၃၀ တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၄ ဒသမ ၁၂၄ သန်း ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ၁၂ လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၆၈၇ ဒသမ ၂ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၂ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီလတွင် ဒေါ်လာ ၉၆ ဒသမ ၂ သန်း၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ၄၅ သန်း၊ မတ်လတွင် ဒေါ်လာ ၄၂ ဒသမ ၄ သန်း ၊ ဧပြီလတွင် ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ မေလတွင် ဒေါ်လာ ၇၂ ဒသမ ၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၇၄ ဒသမ ၇ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၁၈ သန်း၊ ဩဂုတ်လတွင် ဒေါ်လာ ၁၈ ဒသမ ၈ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၃၈ ဒသမ ၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၅၆ ဒသမ ၂ သန်း၊ နိုဝင်ဘာလတွင် ဒေါ်လာ ၇၂ ဒသမ ၂ သန်းနှင့် ဒီဇင်ဘာလတွင် ဒေါ်လာ ၁၀၅ ဒသမ ၁ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၆၈၇ ဒသမ ၂ သန်း ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှုမြင့်တက်ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၈၄ သန်းကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တန်ချိန်မြင့်တက်မှုအပြင် ဝင်ငွေပိုမိုမြင့်တက်လာစေရန် အရည်အသွေးကောင်းမွန်သည့် တန်းမြင့်ဆန်အမျိုးအစားများ ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၇၀၀ ဒသမ ၁၃ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/241882

## စားသောက်ကုန်လက်ဆောင်ခြင်းများ ထိုင်းမှာစစ်ဆေးရေးဝင်



https://www.foodindustrydirectory.com.mm

နှစ်သစ်ကူးလက်ဆောင် စားသောက်ကုန်ခြင်းများကို ထိုင်းနိုင်ငံတစ်လွှားရှိ စူပါမားကက်များတွင် ရောင်းချနေသည်ကို ပြည်တွင်းကုန်သွယ်မှုဌာန Internal Trade Department (DIT) မှ ယခုလအတွင်းစစ်ဆေးခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Chakra Yodmani ဦးဆောင်ပြီး ဘန်ကောက်ကုန်တိုက်များတွင် လက်ဆောင် စားသောက်ကုန်ခြင်းတောင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဒီဇင်ဘာလ အစကတည်းက ပြည်တွင်းကုန်သွယ်မှုဌာနမှ တာဝန်ရှိသူများသည် လက်ဆောင်စားသောက်ကုန် ခြင်းတောင်းများကို စစ်ဆေးရန် အရှိန်အဟုန်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

လက်ဆောင်စားသောက်ကုန်ခြင်းတောင်းတွင် ခြင်းတောင်းထဲပါရှိသည့် စားသောက်ကုန်များစာရင်း အသေးစိတ်ကို ဖော်ပြပေးထားရမည်ဖြစ်သည်။ ၎င်းစာရင်းပါ စားသောက်ကုန်ပစ္စည်းများ ခြင်းတောင်းထဲ ပါမပါ၊ စာရင်းမှာ ဖော်ပြထားသည့် အရွယ်အစား၊ အလေးချိန်၊ ပမာဏနှင့်ဈေးနှုန်းတို့ မှန်ကန်မှု ရှိမရှိ စစ်ဆေးပါသည်။ ရက်လွန်ရက်စွဲအရ စားသောက်ကုန်တိုင်း လတ်ဆတ်မှု ရှိမရှိဆိုသည်ကိုလည်း စစ်ဆေးပါသည်။ စားသောက်ကုန် သက်တမ်းအနည်းဆုံး ၆ လ မဖြစ်မနေ ကျန်ရှိရမည်ဖြစ်ပါသည်။

စာရင်းတွင် အသုံးပြုသော အက္ခရာစာလုံးအရွယ်အစား font size သည် ၁၆ ထက် ကြီးရမည်ဆိုသည့် သတ်မှတ်ချက်ကို လိုက်နာခြင်းရှိမရှိကိုလည်း စစ်ဆေးပါသည်။ လက်ဆောင်စားသောက်ကုန်ခြင်းတောင်း ဝယ်ယူသူများသည် စည်းကမ်းမလိုက်နာကြောင်းတွေ့ရှိပါက hotline 1569 သို့ ဖုန်းဆက်တိုင်တန်းရန် Mr Chakra က တိုက်တွန်းထားပါသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5474-new-year-gift.html

## တစ်ပတ်တာ အာရှဆန်သတင်း



https://www.foodindustrydirectory.com.mm

ယခု သီတင်းပတ်အတွင်း ဂျပန်နိုင်ငံက ထိုင်းဆန် တန်နှစ်သောင်း ဝယ်ယူခဲ့ပါသည်။ ဗီယက်နမ်ဆန် ဝယ်လိုအားကောင်းနေပြီး လက်ကျန်ဆန် လျော့နည်းနေပါသည်။ ဆန်သစ် အဝင်နည်းနေပါသည်။ အိန္ဒိယတွင် အရန်ဆန် သိုလှောင်ရေးအတွက် အစိုးရက ဆန်များကို အင်တိုက်အားတိုက် ဝယ်ယူနေပါသည်။ ဥရောပသမဂ္ဂကော်မရှင်ကို ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က တရားစွဲဆိုခဲ့ရာ အမှုနိုင်ခဲ့ပါသည်။ မြန်မာ့ဆန် ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၄၃,၀၀၀ ကျော်အား တင်ပို့ခဲ့ပြီး ဆက်လက်တင်ပို့လျက် ရှိပါသည်။

**ကမ္ဘောဒီးယားဆန်**

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှုသည် ဥရောပသမဂ္ဂမှ ထုတ်လုပ်သူများ၏ စီးပွားရေးကို ထိခိုက်စေသည်ဟု ယူဆ၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ ကမ္ဘောဒီးယားဆန် (Indica) တင်သွင်းမှုအပေါ် ၃ နှစ် သွင်းကုန်ခွန်စည်းကြပ်ရန်နှင့် ဥရောပသမဂ္ဂ အကာအကွယ်ပေးရေးအစီအမံများအရ ၂၀၁၉ ခုနှစ်တွင် Indica ဆန် တစ်တန်လျှင် ယူရို ၁၇၅ (၁၈၃ ဒေါ်လာ)၊ ၂၀၂၀ ပြည့်နှစ်တွင် Indica ဆန် တစ်တန်လျှင် ယူရို ၁၅၀ နှင့် ၂၀၂၁ ခုနှစ်တွင် Indica ဆန် တစ်တန်လျှင် ယူရို ၁၂၅ တို့ဖြင့် ပေးဆောင်ရန် ဥရောပသမဂ္ဂကော်မရှင်က ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်သည် ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတကာရှေ့နေများငှားရမ်း၍ ဥရောပသမဂ္ဂကော်မရှင်ကို အမှုစွဲဆိုခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂသို့ ဆန်ထိပ်တန်းတင်ပို့သည့် အီတလီနှင့် စပိန်နိုင်ငံတို့မှ ဆန္ဒပြမှုများအပြီးတွင် ဥရောပသမဂ္ဂ၏ တရားလွှတ်တော်မှ အကာအကွယ်ပေးမှုဆိုင်ရာ အစီအမံများအပေါ် စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခဲ့ပြီး၊ လုံလောက်သောအထောက်အထားများ စုဆောင်းနိုင်မှုမရှိခြင်းကြောင့် အဆိုပါ သွင်းကုန်အခွန်များသည် တရားမဝင်ကြောင်းနှင့် ဥရောပကော်မရှင် စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကိုပယ်ဖျက်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ နိုဝင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဥရောပသမဂ္ဂ၏ တရားလွှတ်တော်မှ ဥရောပကော်မရှင်အား ၎င်း၏ တရားရေးကုန်ကျစရိတ်များကို ကျခံရန် ကမ္ဘောဒီးယား ဆန်လုပ်ငန်းကဏ္ဍ၏ လော်ဘီသမားဖြစ်သူ ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်၏ ကုန်ကျစရိတ်များကို ပြန်လည်ပေးဆပ်ရန်နှင့် အီတလီအနေဖြင့် တရားရေးကုန်ကျစရိတ်များကို မိမိဘာသာကျခံရန် အမိန့်ချမှတ်ခဲ့ပါသည်။ ဤကိစ္စရပ် အောင်မြင်မှုသည် ကမ္ဘောဒီးယားအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအရ ကမ္ဘောဒီးယားဆန်စပါးကဏ္ဍ တိုးတက်မှုပြယုဂ် ဖြစ်ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က ပြောကြားခဲ့သည်။

**မြန်မာ့ဆန်**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှု စာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် (၂၅၀၀၀၀) ထိနှင့် ပေါင်းဆန် တန်ချိန် (၅၀၀၀၀) ထိတို့အား တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှာ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ညှိနှိုင်းမှု ၅% တန်းမြင့်ဆန် တန်ချိန် (၂၀၀၀၀၀) တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ဆန်တန်ချိန် (၁၄၃,၀၀၀) ကျော်အား တင်ပို့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ရန်ကျန်ရှိသော ဆန်များအနက် ဆန်တန်ချိန် (၁၅,၀၀၀) အား သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့် ဆန်များအား သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဆက်လက်ပို့ဆောင်လျက်ရှိပါသည်။

**ထိုင်းဆန်**

ဗီယက်နမ် ဆန်တင်ပို့မှု ဈေးနှုန်းများသည် ယမန်နှစ် ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးသို့တက်ခဲ့သဖြင့် ဝယ်လက်အချို့က အခြားနိုင်ငံမှ ဆန်များကို ဝယ်ယူနေကြပါသည်။ ဂျပန်က ထိုင်းဆန်ဘက်သို့ လှည့်ပြီးဝယ်ယူခN5-P1> အမျိုးအစား ယခင်သီတင်းပတ်တွင် ရောင်းဈေး တစ်တန် $444 ရေချိန် ရှိခဲ့သည်။ ယခုသီတင်းပတ် ကြာသပတေးနေ့တွင် ခေါ်ဈေး တစ်တန် $425-$457 ရှိပါသည်။

အင်ဒိုနီးရှားသည် ဆန်တန်ချိန် ထောင်ပေါင်းများစွာကို မှာယူထားပြီး တင်ပို့သူအများအပြားသည် ယခုနှစ်မကုန်မီ ယင်းသဘောတူညီချက်ကို ဖြည့်ဆည်း တင်ပို့ပေးနိုင်ရန် ကြိုးပမ်းနေကြခြင်းက ဆန်ဈေးကို ဆွဲတင်ပါသည်။ ထို့ပြင် ဂျပန်ကလည်း ဆန်ချိန် ၂ သောင်းကို ဝယ်ယူခဲ့ပြီး မတ်လနောက်ဆုံးထားပြီး အပြီးအစီး တင်ပို့ရမည် ဖြစ်ပါသည်။

**ဗီယက်နမ်ဆန်**

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> ယခင်အပတ် ရောင်းဈေး တစ်တန် 445-$450 ရှိခဲ့ပြီး ယခု သီတင်းပတ်တွင် $448-$453 ရှိပါသည်။

တရုတ်နှင့် ဖိလစ်ပိုင်တို့သည် ပါကစ္စတန်ဆန်က ဗီယက်နမ်ဆန်ထက် ဈေးသက်သာသော်လည်း ပို့ဆောင်ရသည့် ခရီးပိုနီးသည့်အတွက် ဗီယက်နမ်ဆန်ကို ဆက်လက်ဝယ်ယူနေကြဆဲဖြစ်ပါသည်။ ဝယ်လိုအားကောင်းမွန်နေပြီး ဆန်သစ် အဝင် နည်းသဖြင့် လက်ကျန် လျော့နည်းနေပါသည်။ ဆောင်း-နွေဦး စပါးအသစ်ပေါ်လျှင် နွေ-ဆောင်းဦး စပါးထက် ဆန်အရည်အသွေး ပိုကောင်းပါသည်။ အရေအတွက်အရလည်း ပိုများပါသည်။

**အိန္ဒိယဆန်**

၅% ဆန်ကွဲပါ အိန္ဒိယ ပေါင်းဆန် <RI-INBKN5-P1> အမျိုးအစား ခေါ်ဈေး ယခုအပတ်တွင် ယခင်အပတ်အတိုင်း တစ်တန် $373-$378 ရှိပါသည်။ အတက်အကျမရှိပါ။ ဆန်သစ်ပေါ်ချိန်ဖြစ်ပြီး အစိုးရက အရန်ဆန်အတွက် အင်တိုက် အားတိုက် ဝယ်ယူနေသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5473-weekly-asia-rice-17-dec.html

## ဆန်ပိုးမထိုးအောင် မူပိုင်ခွင့်ယူထားသည့် ကိုယ်ပိုင်နည်းပညာသုံးစွဲ



https://www.foodindustrydirectory.com.mm

ဆန်ပိုးများကဲ့သို့သော အင်းဆက်ပိုးမွှားများဝင်ရောက်ခြင်းမှ ကာကွယ်ရန် ၎င်း၏ မူပိုင်ခွင့်နည်းပညာကို အသုံးပြုမှုအရှိန်မြှင့်ရန်ရည်ရွယ်ထားကြောင်း စင်ကာပူမှ အဓိက ဆန်သိုလှောင်ကန်ထရိုက်တာများထဲမှ တစ်ခုဖြစ်သည့် Singapore Storage & Warehouse က ပြောကြားခဲ့သည်။

ကုမ္ပဏီသည် ၎င်း၏ Pasir Panjang ဂိုဒေါင်တွင် သမားရိုးကျ မီသိုင်းဘရိုမိုက် ဆေးဖြင့် ပိုးသတ်သည့်နည်းလမ်းကို သုံးစွဲခြင်းမပြုပါ။ ၎င်းအစား သိုလှောင်ထားသော ဆန်ပတ်ဝန်းကျင်ရှိ လေထုဖွဲ့စည်းမှုကို ထိန်းချုပ်ရန်အတွက် ပြီးခဲ့သော သုံးနှစ်အတွင်း ပြည်တွင်း၌ တီထွင်ခဲ့သော နည်းပညာကို မှီခိုအားထားပါသည်။

၎င်းနည်းပညာ လုပ်ငန်းစဉ်သည် လက်လီစားသောက်ကုန်အထုပ်များ ထုပ်ပိုးခြင်းလုပ်ငန်းစဉ်နှင့် ဆင်ဆင်တူပါသည်။ Modified Atmosphere Packaging (MAP) ပုံးခွံ နည်းပညာကို ၂၀၁၉ တွင် စတင်သုံးစွဲခဲ့ပြီး ပိုမိုကောင်းမွန်အောင် မွမ်းမံခဲ့ပါသည်။

ဆန်အိတ်များကို အောက်ခံဆင့်ပြားတစ်ခုပေါ်တွင် ထားရှိကာ အံကိုက်လုပ်ပေးထားသည့် သေတ္တာပုံးခွံဖြင့် ဖုံးအုပ်ပြီး သေတ္တာပုံးခွံကို အလုံပိတ်ထားလိုက်ပါသည်။ ထို့နောက် သေတ္တာပုံးထဲမှ အောက်ဆီဂျင်ကို ထုတ်ယူပြီး တစ်ချိန်တည်းမှာ အခြားဒြပ်စင်များနှင့် လွယ်ကူစွာ ဓာတ်မပြုသော ဓာတ်ငွေ့ဒြပ်စင် inert gas ကို မှုတ်သွင်းပေးပါသည်။ သို့ဖြစ်ရာ

ဆန်အိတ်များရှိနေသည့် သေတ္တာပုံးထဲ အောက်ဆီဂျင်မရှိသလောက် နည်းပါးသွားပါသည်။ အရွယ်ရောက်ပြီး ဆန်ပိုးသည် ၎င်းအခြေအနေတွင် မရှင်သန်နိုင်ပါ။ သေတ္တာပုံးတစ်လုံးလျှင် ဆန်တန်ဝက်ခန့် ထည့်သိုနိုင်ပါသည်။ ကုမ္ပဏီ၏ ဆန်သိုလှောင်ရုံရှိ ဆန်ထက်ဝက်ကျော်ကို ယခုအခါ MAP သေတ္တာပုံးများတွင် ထည့်သွင်းထားသည်။

ထိုနည်းဖြင့် သိုလှောင်ထားပါက ဆန်ကို နှစ်ပေါက်အောင် သိုလှောင်ထားနိုင်ပါသည်ဟု Singapore Storage & Warehouse အမှုဆောင်အရာရှိချုပ် Ong Swee Keong က ပြောကြားပါသည်။

ဆန်ပိုး၏ ပျမ်းမျှသက်တမ်းမှာ သီတင်းပတ် ၄ ပတ်မှ ၅ ပတ်အထိ ဖြစ်ပါသည်။ ယခင်က ဆန်အိတ်များ တင်ထားသည့် စင်အထပ်ထပ်ကို သီတင်းပတ် ၅ ပတ်လျှင် တစ်ကြိမ် ပိုးသတ်ပေးရပါသည်။ မီသိုင်းဘရိုမိုက်ဆေးဖြင့် ပိုးသတ်သည့်အတွက် ဆန်တွင် ဘရိုမိုက်အကြွင်းအကျန်အချို့ ရှိနေသည့် ဆိုးကျိုးရှိပါသည်။

**Source: CNA**

https://www.foodindustrydirectory.com.mm/food-industry/food-health/item/5475-weevil.html

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိဈေးကွက်သုံးသပ်ချက်

**မတ်ပဲ**

မတ်ပဲက ပြီးခဲ့တဲ့အပတ်လောက်ကတည်းက ဈေးအနည်းငယ် မြင့်တက်လာခဲ့ပြီး ဒီတစ်ပတ်မှာတော့ မတ်ပဲက တစ်တန်ကို တစ်သိန်းကျော်လောက်ထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ အိန္ဒိယက ဝယ်ယူနေတဲ့အပြင် ရက်ပိုင်းအတွင်း အနည်းငယ်မြင့်တက်လာတဲ့ ငွေကြေးလဲလှယ်ဈေးနှုန်းကြောင့် ဈေးမြင့်တက်လာတယ်လို့ သိရပါတယ်။ မတ်ပဲအသစ်တွေ အနည်းငယ်ဈေးကွက်ထဲ အဝင်ရှိနေခဲ့ပြီး အဟောင်းလက်ကျန်တွေကို ပြန်လည် ထုတ်ရောင်းနေတဲ့အတွက်ကြောင့် အရောင်းအဝယ်ကတော့ သွက်နေတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်း ၂ သောင်းကျော်ထိ ဈေးတက်လာခဲ့ပြီး ပြီးခဲ့တဲ့ အပတ်နဲ့ ယှဉ်ရင်တော့ တစ်တန်ကို ၇ သောင်းလောက် ဈေးမြင့်တက်လာခဲ့ပါတယ်။ လက်ရှိဈေးမြင့်နေတဲ့အချိန် ထုတ်ရောင်းမှုများတဲ့အတွက် ဈေးစဖွင့်တဲ့နေ့နဲ့ နှိုင်းယှဉ်ရင် ဈေးက ပြန်ကျဆင်းသွားခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာလည်း နေ့စဉ်အဝင်ပေါ် မူတည်ပြီး တစ်အိတ်ကို ၁၇၆၀၀၀ ကနေ ၁၇၇၀၀၀ ကြား အရောင်းအဝယ် ရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်အိတ်ကို ၅၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၄၀၀၀ ကနေ ၅၈၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ လောက်ဈေး တက်လာပါတယ်။

မတ်ပဲကတော့ အိန္ဒိယလိုအပ်ချက်တွေရှိနေပြီး ဆက်လက်ဝယ်ယူသွားမှာဖြစ်လို့ အသစ်ပေါ်မယ့် မတ်ပဲတွေလည်း ဈေးကောင်းရရှိနိုင်လိမ့်မယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပေမယ့် ပြောင်းလဲနေတဲ့ ငွေကြေးပြောင်းလဲမှုကို ဆက်လက် စောင့်ကြည့်ရဦးမယ်လို့ ဆိုပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့ တစ်ပတ်လုံး ဈေးငြိမ်နေခဲ့ပြီး ဒီတစ်ပတ်မှာတော့ ငွေကြေးဈေးအပြောင်းအလဲရှိတဲ့အတွက် အနည်းငယ် ဈေးပြန်တက်လာပါတယ်။ လက်ကျန်ပဲလည်း မရှိတဲ့အတွက် အရောင်းအဝယ်ကတော့ အေးနေပါတယ်။ လက်ရှိမှာတော့ အသစ်တွေကိုလည်း ကြိုပွဲငှ်ဝယ်ယူမှုတွေရှိနေပြီဖြစ်လို့ ဈေးကတော့ အများကြီးကျဆင်းနိုင်မှာ မဟုတ်ဘူးလို့ ခန့်မှန်းထားကြပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၈ သိန်း ၇ သောင်းလောက်ထိ မြင့်တက်သွားခဲ့ပေမယ့် ရက်ပိုင်း အတွင်း ဈေးပြန်ကျဆင်းသွားကာ လက်ရှိပေါက်ဈေးကတော့ ၁၈ သိန်း ၄ သောင်းရှိနေပါတယ်။ မန္တလေးဈေးကွက်မှာတော့ ဈေးမဖွင့်ပါဘူး။

နယ်ဈေးကွက်တွေဖြစ်တဲ့ မုံရွာ၊ အောင်လံတို့မှာတော့ တစ်တင်းကို ငွေကျပ် ၆ သောင်းအထိ ဈေးပြန်တက်လာခဲ့ပြီး ရက်ပိုင်းအတွင်း တစ်တင်းကို ၅၈၀၀၀ ထိ ဈေးပြန်ကျဆင်းလာခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ တစ်လဆက်တိုက် ကျဆင်းနေခဲ့ပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေပြီး အရည်အသွေးပိုင်း အားနည်းပြီး အဝင်ကလည်း များတဲ့အတွက် ဈေးတွေ ကျဆင်းနေတာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိ တရုတ်တင်ပို့မှု ရှိပေမယ့် ယွမ်ဈေးကျဆင်းမှုကလည်း ပဲတီစိမ်းဈေးကို လျော့နည်းစေတာလို့ ကုန်သည်အချို့က သုံးသပ်ပေမယ့်လည်း ပြည်တွင်းပဲမျိုးစုံ ဈေးကွက်မှာကိုက ပဲတီစိမ်းက ဈေး ကောင်းမရသေးတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ)ကတော့ တစ်ပိဿာကို ၂၈၃၀ ကနေ ၃၀၀၀ ကျပ် နဲ့ ဈေးငြိမ်နေပါတယ်။ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာကို ၂၀၀၀ ကနေ ၂၅၀၀ကျပ် ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၇၀ ကျပ်၊ ပဲတီစိမ်း (ပဲခူးရွှေဝါ) ကတော့ တစ်ပိသာကို ၂၅၀၀ ကနေ ၂၉၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၃၀ ကျပ် ဈေးကျဆင်းပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၃၅၀၀၀ ကနေ ၁၃၈၀၀၀ ကြားပေါက်ဈေးရှိပြီး နေ့စဉ် အရောင်းအဝယ်ပေါ်မူတည်ပြီး တစ်အိတ်ကို ၃၀၀၀ ကနေ ၄၀၀၀ ကြား အတက်အကျရှိနေပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၃၆၀၀၀ ကနေ ၄၈၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**ပဲလွန်း**

ပဲလွန်းဖြူကတော့ ဆက်တိုက်ဈေးကျဆင်းနေခဲ့ပါတယ်။ ဈေးကွက်ထဲအသစ်တွေ အဝင်များတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲလွန်းဖြူ(ပဲခူး၊ မြစ်ဝကျွန်းပေါ်)က တစ်ပိဿာကို ၂၀၈၀ ကနေ ၂၁၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၆၅ ကျပ် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၁၅၀၀၀ ကနေ ၁၂၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၇၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

ပဲလွန်းနီကတော့ လက်ရှိ ရန်ကုန်ဈေးကွက်မှာ အဝင်နည်းပြီး ဈေးတွေ မြင့်တက်လာပါတယ်။ တစ်ပိဿာကို ၂၆၀၀ ကနေ ၂၆၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်ဈေးတက်လာပါတယ်။

ပဲလွန်းပြာကတော့ မန္တလေးဈေးကွက်မှာ အဟောင်းကဈေးကျဆင်းပြီး အသစ်က ဈေးတက်လာပါတယ်။ အဟောင်းက တစ်အိတ်ကို ၉၅၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ် ကျဆင်းကာ အသစ်ကတော့ တစ်အိတ်ကို ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ် ဈေးတက်ပါတယ်

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ လက်ရှိ ဈေးကွက်ထဲကို အသစ်တွေပဲ အဝင်ရှိနေပါတယ်။ အဝင်နည်းပေမယ့်လည်း အရည်အသွေး မကောင်းတဲ့အတွက် အဝယ်လျော့နည်းပြီး ဈေးကျဆင်းနေတယ်လို့သိရပါတယ်။ ကြက်သွန်အသစ်ပေါ်ချိန် အချိန်အခါ မဟုတ် မိုးရွာသွန်းမှုကြောင့် ပျက်စီးထိခိုက်မှုတွေရှိခဲ့တယ်လို့ ကြက်သွန်တောင်သူအချို့ထံမှ သိရပါတယ်။ ကြက်သွန်နီက ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်အထိ အမြင့်ဆုံးဈေးထိ ရောက်ရှိခဲ့ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီက မြင်းခြံ မြစ်သားတို့သာ အဝင်ရှိနေပြီး နေ့စဉ်ကုန်တန်ချိန် တစ်သိန်းခွဲလောက် အဝင်ရှိနေပါတယ်။ တစ်ပိဿာကို ၁၈၀၀ ကနေ ၃၇၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို ၁၀၀၀ နီးပါး ဈေးကျဆင်းသွားခဲ့ပါတယ်။

မော်လမြိုင်ဈေးကွက်မှာလည်း ကြက်သွန်နီတွေက တစ်ပိဿာကို ၃၃၀၀ ကနေ ၄၃၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ရှမ်း)ကတော့ ဈေးကွက်ထဲအဝင်နည်းလို့ ဈေးက အနည်းငယ်ပြန်မြင့်တက်လာပါတယ်။ ကြူကုတ်တွေကတော့ တရုတ်အဝင်ရှိနေပြီဖြစ်လို့ အကျဈေးနဲ့ပဲ ဈေးငြိမ်နေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ကြက်သွန်ဖြူရှမ်းတွေက တစ်ပိဿာကို ၂၉၀၀ ကနေ ၄၂၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ ကြူကုတ်တွေကတော့ တစ်ပိဿာကို ၃၃၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

မော်လမြိုင်ဈေးကွက်မှာတော့ ကြက်သွန်ဖြူ(ရှမ်း)တွေက တစ်ပိဿာကို ၃၈၀၀ ကနေ ၄၃၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ်ဈေးတက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## STOCK EXCHANGE (19.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,801 (Shares) | 26,493,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -200 | -2.20% | 8,900 | 8,900 | 8,900 | 1,082 | 9,629,800 | 33,109,694 | 294,676 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 733 | 2,382,250 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,500 | 7,600 | 7,500 | 88 | 661,300 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,000 | 19,000 | 19,000 | 697 | 13,243,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 180 | 477,000 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 20 | 98,000 | 10,497,598 | 51,438 |

### Market summary

As of 19th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.72 | -5.69 | -1.42% | 397.51 | 398.11 | 393.72 | 2,801 | 26,493,950 | 7 | 684,931 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 2,801 (Shares) | 26,493,950 (MMK) |

### Main Board

As of 1:00 pm, 19th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,801 (Shares) | 26,493,950 (MMK) |

| MYANPIX | 393.72 ▼ 5.69 |
|---|---|
| Total Volume (shares) | 2,801 |
| Total Value (MMK) | 26 mil |
| Listed Company | 7 |
| Market Cap. (MMK) | 684,931 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 200 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |